ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project
# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)
## ရွှေပျောက်ကျေးရွာ၊ ရွှေပျောက်ကျေးရွာအုပ်စု

၂၀၁၈ ခုနှစ်    ကျောက်တန်းမြို့

မာတိကာ


၁။ ကျောက်တန်းမြို့နယ် မြေပုံ------------------------------------------------------------------------------------------------------------၂

၂။ ရွှေပျောက်ကျေးရွာအုပ်စုမြေပုံ ----------------------------------------------------------------------------------------------------၃

၃။ ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ----------------------------------------------------၄

၄။ ကျေးရွာအခြေခံအချက်အလက်များ ---------------------------------------------------------------------------------------------၅

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ( PRA/ PSA ) အကျဉ်းချုပ် ----------------------၆

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်အတွက် အသုံးပြုခဲ့သော PRA tool များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ---------၇ မှ ၁၄

၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ -------------------------------------------၁၅

၈။ ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့် အချက်များ -၁၆ မှ ၁၇

၉။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ --------- ၁၈ မှ ၂၁

၁၀။ကျေးရွာကော်မတီစာရင်း ------------------------------------------------------------------------------------------၂၂

၁၁။ ပုံစံ - စ -၁၊ ကျေးရွာအချက်အလက်များ -----------------------------------------------------------------၂၃ မှ ၂၅


၁၂။ ပုံစံ - ၃၊ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် -----------------------------------------------------------၂၆ မှ ၂၇

၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် -------------------------------------၂၈ မှ ၂၉

၁၄။ အစည်းအဝေးမှတ်တမ်းများ ------------------------------------------------------------------------၃၀ မှ ၃၃

၁၅။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အရည်အသွေးထိန်းချုပ်မှု ( Checklist ) ------------------------------------------၃၄

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ရွှေပျောက်ကျေးရွာ အုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ရွှေပျောက်ကျေးရွာ ၂။ အဒွတ္တောကျေးရွာ ၃။ ကျိုက္ကမော့ကျေးရွာ

၄။ ။ဆေးဘိုဝကျေးရွာ ၅။ ကြာကန်ဒိတ်ကျေးရွာ

၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ရွှေပျောက်ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၂) မိုင်ခန့်ကွာဝေးသော ရွာတစ်ရွာဖြစ်ပါသည်။ ရွှေပျောက်ကျေးရွာဟုအမည်မပေါက်မီ လွန်ခဲ့သောနှစ်ပေါင်း (၁၀၀) ကျော်လောက်က ရွှေလှေပျောက်ရွာဟု အမည်တွင်ခဲ့ပြီ ပေါ်တူဂီနိုင်ငံသား ဇဇင်ကာသည် သန်လျင်နယ်အားတက်ရောက်သိမ်းပိုက်သောအခါတွင် မဟာသေန နှင့် ဘောဂသေန ညီနောင်မင်းသားနှစ်ပါးသည် ရွှေလှေ၊ငွေလှေများဖြင့် ထွက်ပြေးလာရာ မြတ်စောညီနောင်စေတီတော် နှစ်ဆူအနီးတွင်ရွှေလှေကြီးပျောက်ဆုံးသွားသည်ကို အစွဲပြု၍ ရွှေလှေပျောက်ရွာဟုခေါ်တွင်ရာမှ နောက်ပိုင်းတွင် ရွှေပျောက်ရွာဟု ပြောင်းလဲခေါ်တွင်ခဲ့ပါသည်။

ရှေးအခါက ရွှေပျောက်ရွာနေရာသည် ရေပြင်ကျယ်ကြီးဖြစ်ကာ မြတ်စောညီနောင် ဘုရားကုန်းနေရာသာ ကုန်းရှိနေပြီး ကျန်နေရာများသည် ရေပြင်ကျယ်ကြီးဖြစ်ပါသည်။ ရွာတည်ကာစက လူဦးရေ (၂၀)ဦးခန့်ရှိကာ စိုက်ပျိုးရေးနှင့်တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်စားသောက်ကြပါသည်။ ကူးသန်းရောင်းဝယ်ရေးအတွက်လည်း ရေလမ်းခရီးကိုသာ အဓိကအသုံးပြုရပါသည်။ကျေးရွာ၏ သက်တမ်းမှာနှစ်ပေါင်း (၁၅၀)နှစ် ကျော်ခန့်ကြာမြင့်သည်ဟု လူကြီးများပြောကြားသော မှတ်တမ်းမှတ်ရာများအရသိရှိရပါသည်။

ကျေးရွာတွင်အခြေခံအဆောင်အအုံအနေဖြင့် မူလတန်းကျောင်းတစ်ကျောင်း ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ဟိန္ဒူဘုရားကျောင်းတစ်ကျောင်း ရှိပြီး ကျောက်တန်းမြို့နှင့် အလှမ်းနီးသောကျေးရွာတစ်ရွာဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်လုပ်လက်စားနှင့် စာရင်းငှား၊အထည်ချုပ်စက်ရုံ၊ သီလဝါစက်မှုဇုန်များတွင် နေ့စား၊လခစား အလုပ်များကို အဓိက လုပ်ကိုင်ကြပါသည်။ ဝင်ငွေအသင့်အတင့် ရှိပြီး အလုပ်အကိုင်ရှားပါးသောကြောင့် အလုပ်လက်မဲ့များ ရှိပါသည်။ ပညာရေးကို အဓိကအလေးထားဆောင်ရွက်ကြပါသည်။ ဗုဒ္ဓဘာသာကိုအဓိကထားကိုးကွယ်ပြီး၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာများကို ကိုးကွယ်ကြပြီး စည်းလုံးညီညွတ်၍ ဘာသာတရား ကိုရိုသေကိုင်းရှိုင်းပြီး အမျိုးသားအမျိုးသမီး စည်းလုံးညီညွတ်စွာ တစ်ဦးနှင့် တစ်ဦး ရိုင်းပင်း ကူညီ လက်တွဲ ဆောင်ရွက်ကြသည့်ကျေးရွာတစ်ရွာဖြစ်ပါသည်။

လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ရခိုင် | ၂ | ၅ | ၅ | ၁၀ |
| မွတ်ဆလင် | ၁ | ၁ | ၃ | ၄ |
| ဟိန္ဒူ | ၃၅ | ၇၇ | ၉၈ | ၁၇၅ |

ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၃၄ | ၂၁ | ၃၂ | ၅၃ |
| မြေယာမဲ့ | ၅ | ၇ | ၁၀ | ၁၇ |
| မသန်စွမ်း | ၁၄ | ၁၁ | ၃ | ၁၄ |

အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး / ကွမ်း | ကျွဲ / နွား / ဆိတ် | - | - |
| ဘူးပင် / ကန်စွန်းရွက် | ဝက် | - | - |
| ချဉ်ပေါင်ရွက် | ကြက် | - | - |

ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဉယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၈၅ | - | ၅၉ | - | ၃ | ၂၂ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၂၄ | ၁ | ၁ | - | - | ၈ |

ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | ၁၇ | ၁၇ | ၃၅ | ၂၈ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၁၃ ၊ ၁၈ | ၁၅၇ | ၇၄ | ၅၈ | ၁ |

CDD

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြ မြေပုံ | ၁၄.၁၂.၂၀၂၂ | ရပ်မိ/ရပ်ဖ၊ ကျေးရွာ စေတနာ့ဝန်ထမ်း | ၈ | ၆ | ၁၄ | အိမ်အမျိုးအစား၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ လယ်ယာမြေများ၊ မြောင်းချောင်းများ၊ ရေတွင်း၊ ရေကန်များ၊ သစ်တောများ |
| ၂ | ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း | ၁၄.၁၂.၂၀၂၂ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စုများ | ၈ | ၆ | ၁၄ | ကျေးရွာလူမှုစီးပွားအုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၃ | ကျားမရေးရာ ကဏ္ဍ - ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၁၄.၁၂.၂၀၂၂ | ရပ်မိ/ရပ်ဖ၊ ကျေးရွာ စေတနာ့ဝန်ထမ်း | ၈ | ၆ | ၁၄ | ကျေးရွာတွင်း ရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအား သိရှိခြင်း |
| ၄ | ရာသီခွင်ပြ ပြက္ခဒိန် | ၁၄.၁၂.၂၀၂၂ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ဝန်ထမ်း | ၈ | ၆ | ၁၄ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းတာဖူလုံမှုနှင့် ပွဲတော်များ |
| ၅ | ကျားမရေးရာ ကဏ္ဍ - ၂ ပင့်ကူအိမ် သုံးသပ်ချက် | ၁၄.၁၁.၂၀၂၂ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၈ | ၆ | ၁၄ | အမျိုးသားများနှင့် အမျိုးသမီးများ၊ တန်းတူအခွင့်အရေး ရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ဗင်းပုံစံ | ၁၄.၁၂.၂၀၂၂ | ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့၊ ကျေးရွာ လူထု | ၈ | ၆ | ၁၄ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများ နှင့် ယင်းသို့သော လုပ်ငန်းများ အတွက် ယင်းသည့် အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှု |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။



### သုံးသပ်ချက်

ရွှေပျောက်ကျေးရွာအုပ်စု၊ ရွှေပျောက်ကျေးရွာသည် ကျောက်တန်းမြို့၏ အနောက်ဘက်နယ်မြေတွင် တည်ရှိသော ရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏ အဓိကလုပ်ကိုင်သော လုပ်ငန်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နေ့စားအလုပ်သမား၊ သီလဝါစက်မှုဇုန်အတွင်းတွင် စက်ရုံဝန်ထမ်းများ၊ အထည်ချုပ်စက်ရုံများတွင် ဝန်ထမ်း များအဖြစ်လုပ်ကိုင်ကြပါသည်။

ရွှေပျောက်ကျေးရွာသည် ကျန်းမာရေးအခက်အခဲများကို နီးစပ်ရာ ကျေးရွာကျန်းမာရေးဌာနခွဲရှိ သားဖွားဆရာမနှင့် ကျန်းမာရေးကြီးကြပ်(၂)တို့အားပင့်၍ဆေးကုသမှုခံယူရပြီး အရေးပေါ်ကျန်းမာရေး အခက်အခဲများကို ကျောက်တန်းမြို့နှင့် သန်လျင်မြို့သို့သွားရောက်၍ ဆေးကုသခံယူရပါသည်။

ရွှေပျောက်ကျေးရွာ၏ လူမှုရေး၊သာသာရေး၊ သာသနာရေးနှင့် ပညာရေးကိစ္စရပ်များကို ကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီး စည်းလုံးညီညွတ်စွာ အတူတကွဝိုင်းဝန်းကူညီ လုပ်ကိုင်ဆောင်ရွက်ပေးကြပါသည်။ ကျေးရွာသူရွာသားအများစုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်၍ ခရစ်ယာန်ဘာသာ၊ မွတ်စလင်ဘာသာ အနည်းငယ်ကိုးကွယ်ပြီး ဘာသာတရားကို ရှိသေကိုင်းရှိုင်းကြပါသည်။

ရွှေပျောက်ကျေးရွာ၏ မြောက်ဘက်တွင်ရှမ်းစုကျေးရွာ၊ တောင်ဘက်တွင် ကြာကန်ဒိတ်ကျေးရွာ၊ ကျောက်တန်းမြို့နယ် အရှေ့ဘက်တွင် ဆေးဘိုဝကျေးရွာနှင့် အောင်သာစည်ကျေးရွာ၊ အနောက်ဘက်တွင် အဒွတ္တောကျေးရွာတို့ နှင့် နယ်နမိတ်ခြင်းထိစပ်လျှက်ရှိပါသည်။

ကျေးရွာအတွင်း ဘုန်းတော်ကြီးကျောင်း (၁)ကျောင်း၊ ဟိန္ဒူဘုရားကျောင်း (၁)ကျောင်းရှိပါသည်။ ကျေးရွာ၏ လိုအပ်ချက်များမှာ ရွာတွင်းလမ်းပြုပြင်ခြင်း၊ အခမဲ့ဆေးပေးခန်းအတွက် အောက်ဆီဂျင်ဗူးနှင ဆေးဝါးလိုအပ်ခြင်း၊ ဘောလုံးအားကစားကွင်းလိုအပ်ခြင်း၊ မူလတန်းကျောင်းအခက်အခဲ၊ အလုပ်အကိုင်အခွင့်အလမ်း၊ ကျန်းမာရေးအတွက် အရေးပေါ်ကားလိုအပ်ခြင်း၊ ကျန်းမာရေးဝန်ထမ်း လိုအပ်ခြင်း၊ ကျေးရွာပိုင်ခန်းမလိုအပ်ခြင်း စသည်တို့သည် ကျေးရွာအတွင်း လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပါသည်။

၂။ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်။

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်၊ ကား၊ ခြံ၊ လယ် ( ၁၀၀ )ဧကအထက်၊ ရွှေ၊ ဖုန်း၊ TV၊ ရေခဲသေတ္တာ | ၂၅ | ၇.၆% |
| အလယ်အလတ် | ပျဉ်ထောင်သွပ်မိုးအိမ်၊ ဆိုင်ကယ်၊ ဖုန်း၊ TV၊ ခြံပိုင် | ၁၁၄ | ၃၄.၇% |
| နွမ်းပါး | ဓနိမိုး ထရံကာအိမ်၊ စက်ဘီး၊ ဖုန်း၊ လက်လုပ်လက်စားသမားများ | ၁၉၀ | ၅၇.၇% |
| စုစုပေါင်း | | ၃၂၉ | ၁၀၀% |

**သုံးသပ်ချက်**

ရွှေကျောက်ကျေးရွာတွင် ချမ်းသာသောအဆင့်၊ အလယ်အလတ်၊ နွမ်းပါးသောအဆင့်ဟူ၍ လူမှုအဆင့် (၃)ဆင့်သက်မှတ်ထားပါသည်။


ချမ်းသာသော အဆင့်မှာ လယ်-၁၀၀ ဧကအထက်၊ တိုက်၊ ကား ၊ ခြံ ၊TV ၊ ရေခဲသေတ္တာ၊ကလေးများ ကျောင်းထားနိုင်ပြီး အိမ်ထောင်စုမှာ (၂၅)စုနှင့် ရာခိုင်နှုန်းမှာ(၇.၆%) ရှိပါသည်။

အလယ်အလတ်ရှိသောအဆင့်တွင် သွပ်မိုးပျဉ်ထောင်အိမ်၊ဆိုင်ကယ်၊ဖုန်း၊TV၊ခြံ တို့ပိုင်ဆိုင်ကြပြီး အိမ်ထောင်စုမှာ (၁၁၄) စုနှင့် ရာခိုင်နှုန်းမှာ (၃၄.၇%) ရှိပါသည်။

နွမ်းပါးသောအဆင့်မှာ ဓနိမိုးအိမ်၊ ထရံကာနှင့်နေထိုင်ပြီး စက်ဘီး၊ တို့ကိုပိုင်ဆိုင်ကာ အိမ်ထောင်စုမှာ (၁၉၀)စု ရာခိုင်နှုန်းမှာ (၅၇.၇%)၊ရှိသည်ဟု ကျေးရွာလူထုမှ သက်မှတ်ခဲ့ပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း မရှိဘဲ နေ့စားကျပန်းလုပ်ငန်းများ လုပ်ကိုင်ခြင်းသာရှိခြင်း၊ ပညာအရည်အချင်းနည်းပါးရခြင်း၊ မိသားစုဝင်ဦးရေများပြားခြင်း၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**စိုက်ပျိုးရေး** စပါးစိုက်ပျိုးရေးလုပ်ငန်းများကို နယုန်လ၊ ဝါဆို၊ ဝါခေါင်လများတွင် ပျိုးနုတ် ပျိုးစိုက်၍ စပါးကိုတန်ဆောင်မုန်းလတွင် စပါးရိတ်သိမ်းကြပါသည်။ကဆုန်လတွင် ခဝဲစိုက်ပျိုးခြင်း၊ နယုန်လနှင့်တန်ဆောင်မုန်းလတွင်ကွမ်းစိုက်ပျိုးခြင်း၊သီတင်းကျွတ်လတွင်ချဉ်ပေါင်ပင်စိုက်ပျိုးခြင်းနှင့်နတ်တော်လတွင် ဒေါနပန်းစိုက်ပျိုးခြင်းကို လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

**ဝက်၊ဆိတ်၊ကြက်မွေးမြူရေး** တပိုင်တနိုင်ဝင်ငွေရရှိရန်အတွက် တန်းခူး၊ကဆုန်၊နယုန်၊ဝါဆိုလများ နှင့် တန်ဆောင်မုန်း၊နတ်တော်၊ပြာသို၊တပိုတွဲ၊တပေါင်းလများတွင် ကြက်မွေးမြူရေးလုပ်ကိုင်ပြီး ဝါခေါင်၊တော်သလင်းလများတွင် ဝက်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ တနှစ်ပတ်လုံးမွေးမြူကြ၍ မိသားစုဝင်ငွေအား အထောက်အကူပြုစေပါသည်။

**ဝင်ငွေ** တစ်နှစ်ပါတ်လုံးနီးပါး ဝင်ငွေရရှိပြီး တန်ခူး၊ကဆုန်၊တန်ဆောင်မုန်းလများတွင် ဝင်ငွေပိုမိုရရှိကာ ကျန်လများတွင် ပုံမှန်ဝင်ငွေရရှိကြပါသည်။

**ပွဲတော်များ** တန်ခူးလတွင် သင်္ကြန်ပွဲ၊ကဆုန်လ ညောင်ရေသွန်းပွဲ၊ ဝါဆိုလ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊တန်ဆောင်မုန်းလ နိဗ္ဗာန်ဈေးပွဲတော်များ ကျင်းပကြပါသည်။

**ကျန်းမာရေး** ကျန်းမာရေးဌာနခွဲ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အလှမ်းဝေးသောကြောင့် ကျန်းမာရေးအတွက်အခက်အခဲများရှိပါသည်။ရာသီကူးပြောင်းချိန်များဖြစ်သော တန်ခူးလ၊နတ်တော်၊ပြာသိုလများတွင် ဖျားနာခြင်း၊နာစီးချောင်းဆိုးဖြစ်ခြင်း၊ ဝါဆို၊ဝါခေါင်လများတွင် (၅)နှစ်အောက်ကလေးများတွင် အဖြစ်များသော် သွေးလွန်တုပ်ကွေးရောဂါ များဖြစ်ကြပြီး တပို့တွဲ၊တပေါင်းလများတွင် ဝမ်းရောဂါများဖြစ်ကြပါသည်။နီးစပ် ရာဆေးဆိုင်များတွင် စပ်ဆေးများကိုဝယ်ယူသောက်သုံးရပါသည်။

**သောက်သုံးရေ** တပေါင်း၊တန်ခူး၊ကဆုန်၊နယုန်လများတွင် သောက်သုံးရေ မလုံလောက်၍ ကျန်လများတွင် သောက်သုံးရေနှင့်သုံးရေ လုံလောက်ဖူလုံမှုရှိပါသည်။

**အစားအစားဖူလုံမှု** တပိုတွဲ၊တပေါင်း၊တန်ခူး၊ကဆုန်၊နယုန်လ၊တန်ဆောင်မုန်းလများ တွင်အစားအစာ ဖူလုံမှုနည်း၍ ကျန်လများတွင် အစားအစာ ဖူလုံမှုရှိပါသည်။

**၄။ ဗင်းပုံစံ သုံးသပ်ချက်။**



**သုံးသပ်ချက်**


ကျေးရွာအတွင်း အုပ်ချုပ်ရေးမှူးအဖွဲ့၊ရပ်မိရပ်ဖ စသည့် အဖွဲ့အစည်းများသည် ကျေးရွာ၏ ပညာရေးမြှင့်မားရန်၊ရပ်ရွာအေးချမ်းသာယာရန်အတွက် မြို့ပေါ်ရှိအုပ်ချုပ်ရေးမှူးရုံးဌာနဆိုင်ရာများနှင့် အတူတကွ ပူးပေါင်း ဆောင်ရွက်ကြပါသည်။

ကျေးရွာရှိ အမျိုးသမီးများ၊မိခင်နှင့်ကလေးများနှင့်ကျန်းမာရေးအခက်အခဲများကို ကျေးရွာတွင်းရှိ အမျိုးသား၊ အမျိုးသမီးအဖွဲ့များနှင့်မြို့ပေါ်ရှိ အမျိုးသမီးရေးရာ ကျန်းမာရေးဌာန ၊ကြက်ခြေနီအဖွဲ့များနှင့် ချိတ်ဆက်၍ အတူတကွပူးပေါင်းဖြေရှင်းပေးပါသည်။ ကျေးရွာလူထုနှင့်အတူ ဂေါပကအဖွဲ့၊ သာရေးနာရေးအဖွဲ့တို့သည် ကျေးရွာဘာသာရေး ၊သာသနာရေး ရေရှည်တည်တံ့ရန် အတူလက်တွဲဆောင်ရွက်ကြပါသည်။

ကျေးရွာအတွင်းရှိ လမ်းကော်မတီ၊ မီးကော်မတီအဖွဲ့များ၊အရန်မီးသတ်များသည် ကျေးရွာလူထုနှင့်ပူးပေါင်း၍ ကျေးရွာအတွင်း မီးဘေးကြိုတင်ကာကွယ်ခြင်း၊ ကျေးရွာအေးချမ်းသာယာရေးတို့ကို အတူတကွပူးပေါင်း ဆောင်ရွက်နေပါသည်။

ဆင်းရဲမှုပပျောက်ရေးအတွက် မြို့နယ်မှ ငွေချေးအဖွဲ့အစည်းများသည် အဖွဲ့များဖွဲ့၍ ကျေးရွာ၏ စီးပွားရေး လုပ်ငန်းများတိုးတက်စေရန် ကျေးရွာအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။

**၅။ ပင့်ကူအိမ် သုံးသပ်ချက်။**



## သုံးသပ်ချက်

**ဆုံးဖြတ်ပိုင်ခွင့်** -ရပ်ရွာအတွင်း စီပွားရေး၊လူမှုရေးလုပ်ငန်းများ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများကဦးဆောင်နေပြီး အမျိုးသမီးသည် အိမ်တွင်းမှုလုပ်ငန်းများတွင်သာ အချိန်ကုန်နေခြင်း ရှေးရိုးစွဲအယူအဆများကြောင့် နောက်ကျကျန်ရစ်ခဲ့ကာ အမျိုးသားများက ဦးဆောင်ဆုံးဖြတ်လုပ်ကိုင်သည်ကို တွေ့ရှိရပါသည်။

**ဝင်ငွေရရှိမှု** - ကျေးရွာအတွင်းတွင် အမျိုးသားများသည် အမျိုးသမီးများထက် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုပေါများသောကြောင့် အမျိုးသားများ ဝင်ငွေပိုမိုရရှိသည်ကို တွေ့ရပါသည်။

**သာရေးနာရေး** လူမှုရေးလုပ်ငန်းများ ပူးပေါင်းပါဝင်မှုတွင်အမျိုးသားအမျိုးသမီး ကွာဟချက် ကျဉ်းမြောင်းကာ အမျိုးသားများသည် အလှူမင်္ဂလာ၊ သာရေး၊ နာရေးများတွင် အမျိုးသမီးနှင့် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။

**ပညာရေး** ကျေးရွာအတွင်းတွင် ပညာသင်ကြားခွင့်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ပညာသင်ကြားခွင့် ရရှိပါသည်။


**ဦးဆောင်နိုင်မှု** အမျိုးသားများနှင့် အမျိုးသမီးများသည် ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အတူတကွဦးဆောင်ပါဝင်နေသည်ကိုတွေ့ရှိရပြီး မြစိမ်းရောင်စီမံကိန်းတွင် ဦးဆောင်မှုအခန်းကဏ္ဍအသီးသီးတွင် အမျိုးသားများသည် အမျိုးသမီးတန်းထက် အခွင့်အရေးပိုမိုရရှိကြကြောင်းလေ့လာတွေ့ရှိရပါသည်။


**အိမ်မှုကိစ္စ** အများအားဖြင့်အိမ်မှုကိစ္စများတွင် အမျိုးသမီးများက ဦးဆောင်လုပ်ကိုင်နေရသော်လည်း အမျိုးသားအချို့ကလည်းပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ပေးသည်ကို တွေ့ရှိရပါသည်။

**အဖွဲ့အစည်းများတွင် ပါဝင်ခွင့်** - အမျိုးသမီးများထက် အမျိုးသားများသည့် ရပ်ရွာအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ရန် ရည်ရွယ်၍ ဖွဲ့စည်းသော အဖွဲ့အစည်းများတွင် အမျိုးသမီးနှင့် အမျိုးသား ပါဝင်လုပ်ဆောင်ခွင့်မှာ အနည်းငယ်သာ ကွာခြားပါသည်။

**လုံခြုံမှု** - ကျေးရွာသည် တောလမ်းများရှိခြင်း၊ လူနေအိမ်ခြေနည်းပါးခြင်း၊ လူနေအိမ်ခြေကျဲခြင်းတို့ကြောင့် အမျိုးသမီးများသည် နေထိုင်သွားလာရာတွင် လွတ်လပ်စွာသွားလာရန် ခက်ခဲကြောင်းလေ့လာတွေ့ရှိရပါသည်။

## ၆။ ပိုင်ဆိုင်မှု သုံးသပ်ခြင်း။





**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ဆိုင်ကယ်၊ ကား၊ ထွန်စက်၊ နွားပုံ၊ထော်လာဂျီ၊ တုတ်တုတ်၊ စသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်၊ရွှေထည်၊စက်ဘီး၊ဝက် များကို အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာ အိမ်၊ခြံ၊TV ၊စာကြည့်တိုက်၊ဆေးပေးခန်း၊အားကစားကွင်း၊ အစရှိသည်တို့ကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ၏အရင်းအမြစ်ဖြစ်သော ကား၊လယ်ယာမြေ၊တုတ်တုတ်၊ထော်လာဂျီ၊နွားပုံ၊ထွန်စက်၊ စသည်တို့ကိုအမျိုးသားများအသုံးပြုပြီးအပ်ချုပ်စက် ရွှေထည်၊စက်ဘီး၊ဝက်၊စသည်တို့အား အမျိုးသမီးများက အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ အိမ်၊ခြံမြေ၊TV၊ရေစုပ်စက်၊ စသည်တို့ကို အသုံးပြုကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီးများ အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖ နှင်လူမှုရေးအဖွဲ့ အစည်းများကို ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်း အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပြီး အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။

ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းခွဲတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်ပါသည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းတို့ကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့် စစ်ဆေးရမည့် အချက်များ

မေးမြန်းသည့်ရက်စွဲ၊ ။ ၁၄ . ၁၂ . ၂၀၁၇

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်သူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်း ဆွေးနွေးခဲ့ပါသလား။ | ✓ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | ✓ | | |
| ၃ | အစည်းအဝေးများ ခေါ်ယူရာတွင် အမျိုးသား/သမီး အချိုးညီစွာ တက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | ✓ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | ✓ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များ ဖွဲ့စည်းရာတွင် အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ ပူးပေါင်းပါဝင်ရေး၊ ဦးဆောင်နိုင်ရေးအတွက် တွန်းအားပေး ကူညီဆောင်ရွက်ခဲ့ပါသလား။ | ✓ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူ ပါဝင်တက်ရောက်နိုင်သော အချိန်နှင့် နေရာများကို ရွေးချယ်ခြင်း၊ ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်းများတို့ကို လုပ်ဆောင်ခဲ့ပါသလား။ | ✓ | | |
| ၇ | လူနည်းစု/ ဆင်းရဲနွမ်းပါး/ ထိခိုက်လွယ်သော အုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | ✓ | | |
| ၈ | လူနည်းစု/ ဆင်းရဲနွမ်းပါး/ ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေး တက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | ✓ | | |
| ၉ | လူနည်းစု/ ဆင်းရဲနွမ်းပါး/ ထိခိုက်လွယ်သော အမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသော အခက်အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | ✓ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | ✓ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများ ရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများ သီးခြား ဆွေးနွေး ဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | ✓ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများ ဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ ( ၅၀ : ၅၀ ) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | ✓ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်း နိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | ✓ | | |

| | | | | |
|---|---|---|---|---|
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့် လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခု ပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက် ခဲ့ပါသလား။ | ✓ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | ✓ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲနွမ်းပါး/ ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | ✓ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | ✓ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။<br>**မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | ✓ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် စက်ဝန်း ပထမအကြိမ်
မိတ်ဆက်အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် စက်ဝန်း ပထမအကြိမ်
မိတ်ဆက်အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် စက်ဝန်း ပထမအကြိမ်
မိတ်ဆက်အစည်းအဝေး ကော်မတီအဖွဲ့ဝင်များ မဲပေးရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် စက်ဝန်း ပထမအကြိမ်
မိတ်ဆက်အစည်းအဝေး ကော်မတီအဖွဲ့ဝင်များ မဲပေးရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ မစတင်မီ
မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ မစတင်မီ
မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ မစတင်မှီ မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ မစတင်မှီ မှတ်တမ်းဓါတ်ပုံ



၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးအုပ်စိုး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ခေါင်းဆောင် |
| ၂ | ဒေါ်မိုးစန္ဒာ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ခေါင်းဆောင် |
| ၃ | ဦးစိုးမိုးအောင် | ကျား | စေတနာ့ဝန်ထမ်း |
| ၄ | ဒေါ်ဖြူဖြူဝင်း | မ | စေတနာ့ဝန်ထမ်း |
| ၅ | ဦးအောင်မြင့်(ရခိုင်) | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ခေါင်းဆောင် |
| ၆ | ဒေါ်ခိုင်လင်းမြင့် | မ | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၇ | ဦးမြင့်ဦး | ကျား | လည်ပတ်မှုပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ခေါင်းဆောင် |
| ၈ | ဒေါ်ရင်ရွှေ | မ | လည်ပတ်မှုပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၉ | ဦးပိုက်တင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ခေါင်းဆောင် |
| ၁၀ | ဒေါ်နှင်းစုဝေ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၁၁ | ဦးကျော်ကျော်ဦး | ကျား | [illegible] အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဒေါ်စိန်မမ | မ | [illegible] အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဦးအောင်မြင့် | ကျား | ကျေးရွာ[illegible] |
| ၁၄ | | | |
| ၁၅ | | | |
| ၁၆ | | | |
| ၁၇ | | | |
| ၁၈ | | | |
| ၁၉ | | | |
| ၂၀ | | | |
| ၂၁ | | | |
| ၂၂ | | | |
| ၂၃ | | | |
| ၂၄ | | | |
| ၂၅ | | | |

စုစုပေါင်း။ (၁၃) ယောက် ကျား- (၇) ယောက် + မ ( ၆ )ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ ဦးအုပ်စိုး ကျေးရွာအုပ်စု ဘဏ္ဍာရေး အဖွဲ့ဝင်
၂။ ဒေါ်မိုးစန္ဒာ အုပ်စု အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ဖြူဇင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၁၀.၁၂.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

| |
|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် ဦးကျော်မြင့် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉၇၉၈၃၆၂၃၄၂ | လူထုစည်းရုံးရေးမှူး၏ အမည် ဦးသိန်းသန်းဦး |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ရခိုင် မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု ရွှေပျောက် | ကျေးရွာ ရွှေပျောက် |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ--- | ၂၉၃ | ဘာသာ (၁) --ဗုဒ္ဓ----- | ၂၉၃ |
| လူမျိုးစု (၂) ---ရခိုင်--- | ၃ | ဘာသာ (၂) --ဗုဒ္ဓ----- | ၃ |
| လူမျိုးစု (၃) ---[illegible]--- | ၁ | ဘာသာ (၃) အစ္စလာမ် | ၁ |
| လူမျိုးစုပေါင်း --ပေါင်း---- | ၃၂ | ဘာသာပေါင်း --ဗုဒ္ဓ---- | ၃၂ |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၇ | ဗုဒ္ဓ | ၇ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆၅ | ဗုဒ္ဓ | ၆၅ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ဗမာ--- | ၄၇၂ | ၅၀၀ |
| လူမျိုးစု (၂)--ရခိုင်--- | ၇ | ၉ |
| လူမျိုးစု (၃)---[illegible]--- | ၁ | - |
| အခြား ပေါင်း | ၆၄ | ၇၅ |
| အိမ်ထောင်ဦးစီး | ၃၁၄ | ၁၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☑ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား ([illegible]) | ☑ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း ✓ | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-၁-----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် -- ၅ မိနစ် -- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် -- ၅ မိနစ် -- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -- [illegible]

(၂) -- [illegible]

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်

အမည် ဦးဇော်မြင့် (ရာအိမ်မှူး)

လက်မှတ် နေ့စွဲ ၁၀.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး

အမည် [illegible]

လက်မှတ် နေ့စွဲ ၁၀.၁၀.၂၀၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

**လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် – ဒေါ်ဖြူဂင်ဝင်း

| | |
|---|---|
| နေ့စွဲ – ၁၄.၁၂.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း – ရန်ကုန် | မြို့နယ်-ကျောက်တန်း | ကျေးရွာအုပ်စု -ရွှေပြောက် | ကျေးရွာ – ရွှေပြောက် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းသွားလာရခက်ခဲခြင်း(ဒေါ်ခြေကျော်လင်းကျွန်း | ၁ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း |
| | လမ်း၊ဒေါ်ခင်တင့်လမ်း၊ကြခတ်ကျွန်းလမ်း၊ဒေါ်လှမြေးလမ်း) | ၂ | သောက်သုံးရေ ခက်ခဲခြင်း |
| ၂ | စက်ရေတွင်း(ဒေါ်ခြေကျော်လင်းကျွန်း/ခရစ်ယာန်/ | ၃ | ဈေးပိတ်စိမ်း လုံလောက်စွာ မရရှိခြင်း |
| | သုသာန်မှ ထိပ်/ကြခတ်ကျွန်း) | ၄ | ကျန်းမာရေးဝန်ထမ်း မလုံလောက်ခြင်း |
| ၃ | ဈေးပိတ်စိမ်း ရာသီ ခက်ခဲခြင်း | ၅ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းများ ကောင်းလာစေရန် | ၁ | လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရန် |
| ၂ | စက်ရေတွင်းများ ရှိလာစေရန် | ၂ | သောက်သုံးရေ လုံလောက်စွာ ရရှိရန် |
| ၃ | ဈေးပိတ်စိမ်း ပြည့်စုံစွာလင်းစေရန် | ၃ | ဈေးပိတ်စိမ်း လုံလောက်စွာ လင်းစေရန် |
| ၄ | ဆေးခန်းတွင် ဆေးဝါးနှင့် ဆရာဝန် အပြည့်အစုံ ရှိရန် | ၄ | ကျန်းမာရေး လက်လှမ်းမီ ပြည့်စုံရန် |
| ၅ | အားကစားကွင်း ရှိလာစေရန် | ၅ | အလုပ်အကိုင် အခွင့်အလမ်း ပေါများလာစေရန် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ကြခတ်ကျွန်းလမ်း | ကျ+မ | | ၁၁၂၈ |
| ၂ | နိဗ္ဗာန်လမ်း | ကျ+မ | | ၁၁၂၈ |
| ၃ | ဒေါ်ခင်တင့်လမ်း | ကျ+မ | | ၁၁၂၈ |
| ၄ | ဒေါ်လှမြေးလမ်း | ကျ+မ | | ၁၁၂၈ |
| ၅ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | ဆေးပေးခန်း အောက်ဆီဂျင်ဗူး / ဆေးဝါး | က | |
| ၂။ | မူလတန်းကျောင်း တည်ဆောက်ခြင်း | က | |
| ၃။ | ကျန်းမာရေးအတွက် ရေရေးပေါ်ကြား | က | |
| ၄။ | ကျန်းမာရေး ဝန်ထမ်း | က | |
| ၅။ | အသက်မွေးဝမ်းကြောင်း သင်တန်း | မ | |
| ၆။ | ရပ်ရွာမတည်ငြိမ်မှု ရှိရေး | မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်---ဦးဒုပ်စိုး----------- လက်မှတ်--------------------- နေ့စွဲ---၁၄ - ၁၂ - ၂၀၁၇---------

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | အသက်မွေးဝမ်း ကျောင်း သင်တန်း | ☑ မ ☐ ကျား | | |
| | ၂ | ရိုးမြီးယာသည်တွေ ရရှိရေး | ☑ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်းဆောက်ဆိုင်ဖူး / ဆေးဝါး | ☐ မ ☑ ကျား | | |
| | ၂ | ကျန်းမာရေးအတွက် အရေးပေါ်ကား | ☐ မ ☑ ကျား | | |
| | ၃ | ကျန်းမာရေးဝန်ထမ်း | ☐ မ ☑ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | မူလတန်းကျောင်းတည် ဆောက်ရေး | ☐ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ပြုလုပ်သည့်နေရာ | ။ ဗိုဒ္ဓ ဘုရားကျောင်း |
| ပြုလုပ်သည့်နေ့ရက် | ။ ၁၄.၁၂.၂၀၁၇ |
| ပြုလုပ်သည့်အချိန် | ။ ၉း၀၀ နာရီ မှ ၁၂း၀၀နာရီအထိ |
| ကျေးရွာအုပ်စုအမည် | ။ ရွှေပျောက် |
| မြို့နယ်အမည် | ။ ကျောက်တန်း |

---

အစည်းအဝေးတက်ရောက်သူ လူဦးရေ ။ ကျား (၇၃)၊ မ (၉၅) = ၁၆၈ယောက်

အကြောင်းအရာ ။ ရွှေပျောက်ကျေးရွာအုပ်စု၊ ရွှေပျောက်ကျေးရွာ ပထမအကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေး။

ရည်ရွယ်ချက် ။ ကျေးရွာလူထု လူထုဗဟိုပြု စီမံကိန်း အကြောင်း ပိုမိုသိရှိနားလည်စေရန် နှင့် စေတနာ့ဝန်ထမ်း ရွေးချယ်ရန်

ဆွေးနွေးချက် ။ ပထမအကြိမ်အစည်းအဝေးကို ၉း၀၀ နာရီတွင် ဝန်ထမ်းများ စတင် မိတ်ဆက်ပြီး ကျေးရွာဓါ/သောက်ခေါင်းဆောင် ဦးအုပ်စိုးမှ အဖွင့်စကား ပြောကြားခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူးမှ စီမံကိန်း၏ ရည်ရွယ်ချက်ကို ရှင်းပြခဲ့ပါသည်။ စီမံကိန်း စက်ဝန်း အဆင့် (၆)ဆင့်၊ အဆင့် (၁၄)ဆင့်ကို ရှင်းပြပြီး စီမံကိန်း ရံပုံငွေသည် လူဦးရေနှင့် ပေးကြောင်း၊ အစည်းအဝေး သည်လည်း အိမ်ထောင်စု (၅၀%) တက်ရောက်မှသာ အစည်းအဝေး အထမြောက်ကြောင်း ပြောကြားခဲ့ပါသည်။ ကျေးရွာလူထုအား လူထုဗဟိုပြု စီမံကိန်းသည် မနှစ်က ဘာတွေ ပြုလုပ်ခဲ့ကြောင်း မေးမြန်းရာ အဖွဲ့ကျောင်း ကျင်းလမ်းကို ခင်းခဲ့ပါသည်ဟု ပြေပါသည်။ ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ကြော်ငြာသင်ပုန်းထား ရှိပေးထားကြောင်း နှင့် ကျေးရွာလူထုမှ ဝေဖန်အကြံပြုလိုပါက ကြောငြာခြင်းနှင့် ပတ်သတ်၍ စာတိုက်ပုံးထား ရှိကြောင်း ပြောပြခဲ့ပါသည်။

| | |
|---|---|
| ဆုံးဖြတ်ချက်။<br>သဘောတူညီချက် | "ကျေးရွာစေတနာ့ဝန်ထမ်း ကော်မတီများအား ပထမနှစ်စက်ဝန်းကဲ့သို့ ဒုတိယနှစ်စက်ဝန်းတွင် တာဝန်ထမ်းဆောင်ပေးနိုင်ပါမည်လားဟု မေးမြန်းရာတွင် စေတနာ့ဝန်ထမ်း အဖွဲ့သမီး တစ်ဦးမှာ တခြားနေရာ ပြောင်းမည်ဖြစ်ကြောင်း ပြောပါသည်။ ထို့နေရာကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့ရာ ဒေါ်လှလှဝင်းကို အများသဘောတူ ရွေးချယ်ရရှိခဲ့ပါသည်။ ဆက်လက်ပြီး ဒုတိယနှစ်စက်ဝန်းအတွက် လူမှုဆန်းစစ်ခြင်းပြုလုပ်ရန် စည်းရုံးရေးမှူးမှ လူမှုဆန်းစစ်ခြင်း ခေါင်းစဉ် (၆)ခုအား ဆွေးနွေးမှုအပေါ် ပထမနှစ်မှ ဆွေးနွေးချက်များအနက် လိုအပ်သော ဆန်းစစ်မှုများကိုသာ ပြန်လည် ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ဆွေးနွေးချက်များအား အနှစ်ချုပ်၍ ရှင်းပြခဲ့ပါသည်။ |
| ဆုံးဖြတ်ချက်။<br>သဘောတူညီချက် | "ကျေးရွာလူထုများ၏ အချိန်အားလပ်မှုအပေါ် မူတည်၍ ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို မိုး[illegible]အနည်းငယ်သာ ခြား၍ ဆက်လက်လုပ်ဆောင်ရန် ကျေးရွာလူထုအားလုံးနှင့် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ |

Phyu

( မှတ်တမ်းတင်သူ )
ဒေါ်ဖြူကြင်ဝင်း
လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြု
ကျောက်တန်း

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ဟိန္ဒူဘုရားကျောင်း

ပြုလုပ်သည့်နေ့ရက် ။ ၁၄.၁၂.၂၀၁၇

ပြုလုပ်သည့်အချိန် ။ ၁၂:၁၅ နာရီ

ကျေးရွာအုပ်စုအမည် ။ ရွှေပျောက်

မြို့နယ်အမည် ။ ကျောက်တန်း

---

အစည်းအဝေးတက်ရောက်သူ လူဦးရေ ။ ကျား(၇၃)၊ မ(၉၅) = ၁၆၈ယောက်

အကြောင်းအရာ ။ ရွှေပျောက်ကျေးရွာအုပ်စု၊ ရွှေပျောက်ကျေးရွာ ဒုတိယအကြိမ် မိတ်ဆက်အစည်းအဝေး

ရည်ရွယ်ချက် ။ ကျေးရွာအတွင်းတွင် အမှန်တကယ်လိုအပ်နေသော လုပ်ငန်းခွဲများ ထွက်ပေါ်လာရန်နှင့် ကျေးရွာအတွက် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ရန်အတွက် ကျေးရွာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းရန်

ဆွေးနွေးချက် ။ စည်းရုံးရေးမှူး မှ ပထမနှစ်မှ ရွေးချယ်ခဲ့သော ဖွံ့ဖြိုးရေး လုပ်ငန်းခွဲများကို ပြန်လည်ချပြကာ ဒုတိယနှစ်တွင် လုပ်ငန်းခွဲအသစ်များ ရွေးချယ်နိုင်ပါကြောင်းနှင့် ပထမနှစ်မှ ရွေးချယ်ထားသော ဦးစားပေးအလိုက် ဆက်လက်လုပ်ဆောင်၍လည်း ရကြောင်း ရှင်းပြခဲ့ပါသည်။ ကျေးရွာလူထုများသည် တစ်ခုတဝက်က မနှစ်က ဦးစားပေးအတိုင်း ဆက်လက် လုပ်ဆောင်မည်၊ အချို့က အသစ်ပြန်လည်ရွေးချယ်မည်ဟု ကော်မတီများနှင့် အခြေအတင် ဆွေးနွေးပြီးခဲ့ကြပါသည်။ လက်တွေ့နည်းပညာမှူးမှ အကျုံးဝင်သော လုပ်ငန်းနှင့် အကျုံးမဝင်သော လုပ်ငန်းများကို ချပြရှင်းလင်းခဲ့ပါသည်။ နောက်ဆုံးတွင် ပထမနှစ် ဦးစားပေးအတိုင်းသာ ဆက်လက် လုပ်ဆောင်သွားမည်ဟု သဘောတူညီချက် ရရှိခဲ့ပါသည်။ ထို့ကြောင့် (၁)ကြခတ်ကျောက်လမ်း (၂) နီဗျာန်လမ်း (၃) ဒေါ်မြင့်တင်ရီလမ်း (၄) ဒေါ်လှရွှေလမ်းတို့ကို အတည်ပြုခဲ့ပါသည်။ ကျေးရွာလူထုက သဘောတူမတူ (၃) ကြိမ်မေး၍ အတည်ပြုခဲ့ပါသည်။

ဆုံးဖြတ်ချက် •
သဘောတူညီချက်

• စည်းရုံးရေးမှူးများမှ အိမ်ထောင်စုလုပ်ငန်းခွဲများကို ရွေးချယ် အတည်ပြုခဲ့ခြင်း အပေါ်အကြောင်း ကျေးရွာလူထုအားလုံး၏ သဘောတူညီချက်အရ ကြွက်တံကျဉ်းလမ်းကို ရွေးချယ်အတည်ပြုခဲ့ပါသည်။ ထို့နောက် ကော်မတီဝင်များ၏ တာဝန်နှင့်ဝတ္တရားများ အကြောင်း ရှင်းပြခဲ့ပါသည်။ ပထမနှစ်စက်ဝန်းမှ ကော်မတီများကို တစ်ဦးချင်းကလိုက် ဒုတိယနှစ်စက်ဝန်းတွင် ဆက်လက်ရှိ တာဝန်ယူလိုစိတ် ရှိမရှိကို မေးမြန်းခဲ့ပါသည်။ ကော်မတီများ ကနဦးမှ အိမ်/ထောက်ခံပေါင်းဆောင် မ(၁)ဦး၊ စာရေး/ဝန်ထမ်း မ(၁)ဦး နှင့် ငွေထိန်းကြပ်မှုကိုယ်စားလှယ်(၁)ဦး ပြန်လည်ရွေးချယ်ခဲ့ရပါသည်၊ မဲခံနှစ်ဖြင့် ၃ဦး အဆိုပြုခဲ့သော အိမ်/ထောက်ခံပေါင်းဆောင် ဒေါ်မိုးစန္ဒာ၊ စာရေး/ဝန်ထမ်း ဒေါ်လှလှဝင်း နှင့် ငွေထိန်းကြပ်မှု ကိုယ်စားလှယ် ဦးကျော်ကျော်ဖြိုး တို့ကို ရွေးချယ်အတည်ပြုခဲ့ပါသည်။ ကျေးရွာလူထုအားလုံး၏ သဘောတူညီချက်အရ ရွေးချယ်ခဲ့ပါကြောင်း ကော်မတီကိုယ်တိုင်မှလည်း တာဝန်ထမ်းဆောင်ရန် သဘောတူ၊မတူ မေးမြန်း၍ အတည်ပြုခဲ့ပါသည်။ ပထမနှစ်စက်ဝန်းကဲ့သို့ ကော်မတီဝင်များသည် ပူးပေါင်းပါဝင်မှုနည်း၍ မရကြောင်း ဒုတိယနှစ်စက်ဝန်းတွင် ကော်မတီဝင်များနှင့် ကျေးရွာလူထုကိုယ်တိုင် ပူးပေါင်းပါဝင်မှု အားကောင်းမှ ရမည်ဖြစ်ကြောင်း၊ တာဝန်ဝတ္တရားများကို ငွေစာရင်းကိုင်က ဖြည့်သွင်း၍ တာဝန်ဝင်ခဲ့ရမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဆောင်ရန်၊ရှောင်ရန်များ လက်မှတ်ထိုးပြီး ဆရာ၊ဆရာမများမှ နှုတ်ချုပ်ပြောကြား၍ ဒုတိယ စကြဝဠာ အစည်းအဝေးကို ကောင်းမွန်စွာ စည်းရုံးနိုင်ခဲ့ပါသည်။

Phyu

(မှတ်တမ်းတင်သူ)
လူထုစည်းရုံးရေးမှူး
ဒေါ်ဖြူခင်ဝေ

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ကျေးရွာ - ရွှေပျောက်ကျေးရွာ VDP ရက်စွဲ - ၁၀.၁၂.၂၀၁

မြို့နယ်- ကျောက်တန်းမြို့ ကျေးရွာအုပ်စု-ရွှေပျောက်ကျေးရွာ

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊